## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## သတင်းထုတ်ပြန်ချက်အမှတ် (၁၂/ ၂၀၂၄)

၁။ လူသားအားလုံးအတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ထည့်သွင်းဖော်ပြထားသော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂက ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ထိုနေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တွင် (၇၆) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံသားများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မြှင့်တင်ကာကွယ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုချမှတ်ချိန်တွင် ပါဝင်ထောက်ခံခဲ့ရုံသာမက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်တွင်းဥပဒေများတွင်လည်း ကြေညာစာတမ်းပါ လူ့အခွင့်အရေးစံများကို လိုက်လျောညီထွေစွာ ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ ထို့ပြင် အဓိက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်ကြီးများအနက် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲစာချုပ် (၂) ခု၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ချုပ်ဆိုထားပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း လူ့အခွင့်အရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲများနှင့် သင်ခန်းစာပို့ချမှုများ စုစုပေါင်း (၆၃) ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး သင်တန်းသားပေါင်း (၈၃၉၁) ဦးကို အသိပညာမျှဝေပေးနိုင်ခဲ့ပါသည်။ လူ့အခွင့်အရေး ဖောက်ဖျက်ခံရသည်ဆိုသော တိုင်တန်းချက် (၂၁၄) စောင်ကို စိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်/ အချုပ်ထောင် (၁၀) ခု၊ အကျဉ်းစခန်း (၁၂) ခု၊ ရဲစခန်းအချုပ်ခန်း (၁၈) ခု၊ တရားရုံးအချုပ်ခန်း (၁၅) ခု၊ ဘိုးဘွားရိပ်သာ (၁၀) ခု၊ အမျိုးသမီးသက်မွေးသင်တန်းကျောင်း (၃) ကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (၁) ကျောင်းနှင့် လူငယ်သင်တန်းကျောင်း (၅) ကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ကာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အကြံပြုချက်ပေါင်း (၂၉၃) ချက်ကို သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ပေးပို့ခဲ့ပါသည်။ တည်ဆဲဥပဒေ၊ အဆိုပြုထားသော ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေအကြံပြုစာ (၆) စောင် ပေးပို့ခြင်း၊ အမျိုးသမီးများ

အပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of all forms of Discrimination against Women - CEDAW) နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities - CRPD) တို့ကို ဘာသာပြန်ဆို ပုံနှိပ်ခြင်းနှင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အစည်းအဝေးများသို့ (၂၈) ကြိမ် ပါဝင်တက်ရောက်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် လူအခွင့်အရေးနှင့်စပ်လျဉ်းသည့် အများပြည်သူသို့ သတင်းထုတ်ပြန်ချက် (၁၂) စောင်နှင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု သတင်းဖော်ပြချက် (၁၀၃) ခုကို ထုတ်ပြန်ခဲ့ပါသည်။

၄။ ၂၀၂၄ ခုနှစ်တွင် ကျရောက်သော (၇၆) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂက ချမှတ်သည့် ဆောင်ပုဒ်မှာ "**ဒို့အခွင့်အရေး၊ ဒို့အနာဂတ်၊ ယခုကစလို့ဆောင်ကြဉ်းအပ်" "Our Rights, Our Future, Right Now."** ဖြစ်ပါသည်။

၅။ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောသော နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်သူတစ်ရပ်လုံးက လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးခြင်းဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးတည်ဆောက်ကြရန် ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ကို ဂုဏ်ပြုလျက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်